## သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံက ချစ်ခြင်းမေတ္တာ၏ ဗတ္တိဇံပင် ဖြစ်သည်။

**သန့်**ရှင်းသော ဝိညာဉ်တော်၏ဗတ္တိဇံက အဘယ်နည်း? အဓိကအားဖြင့် ၎င်းက ချစ်ခြင်းမေတ္တာဆိုင်ရာဗတ္တိဇံ ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာနှင့်သူတစ်ပါးအတွက် ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ကယ်တင်ခြင်းခံရပြီး ဖြစ်သူတိုင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်က အတိုင်းအတာတစ်ခုထိ ရှိနေပြီဖြစ်ရာ ဖန်ခွက်အောက်ခြေတွင်ရှိနေသည့် အနည်းငယ်မျှ ရေအလားပင်ဖြစ်သည်။ သို့သော်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံကိုခံယူခြင်းက ထိုဖန်ခွက်ပြည့်လျှံသွားအောင် ရေဖြည့်လိုက်ခြင်းနှင့်တူသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်၍ သခင်ယေရှုက "ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေထွက်ရာ စမ်းရေတွင်း ဖြစ်လိမ့်မည်" ဟုပြောခဲ့သည်။ (ယော ၇း၃၈) ဘုရားသခင်က မိမိတို့အားသန့်ရှင်းသော ဝိညာဉ်တော်ဖြင့် သွန်းလောင်းလျက် အောက်ခြေမှစ၍ ပြည့်လျှံသွားသည်အထိ ဖြည့်ဆည်းခဲ့ရာမှာ မိမိတို့၏အသက်ဝိညာဉ်များကို ကျေနပ်နှစ်သိမ့်စေသည့်ပျော်ရွှင်မှုဆိုင်ရာ ရေလှိုင်းကြီးများ ရှိလာသည်အထိ ဖြည့်ဆည်းခဲ့ရုံသာမကဘဲ အခြားသောသူတို့ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝလာစေဖို့ ထိုသူတို့အပေါ်သို့လည်း ကျစေခဲ့သည်။

မိမိတို့အနေနှင့် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် တစ်ကြိမ်တည်းသာ ဖြည့်ဆည်းခြင်းကို ခံရခြင်းမဟုတ်ဘဲ သူ၏ နှုတ်ကပတ်တော်ကို ဖတ်ရှုပြီး သူ့ထံမှ နောက်ထပ် ချစ်ခြင်းမေတ္တာကို တောင်းထံနေသည့်အခါတိုင်း နေ့စဉ်ဝိညာဉ်တော်၏ ဖြည့်ဆည်းခြင်း ကိုခံရသည်။သူ၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့သူ့ထံမှ ပို၍လက်ခံရရှိလာလေလေ မိမိတို့နှလုံးသားများက လျှံကျလာသည်အထိ ဖြည့်ဆည်းခြင်းကို ခံရလေလေပင်ဖြစ်ရာ နောက်ဆုံးမိမိတို့အနေနှင့် ထားသိုမဆန့်နိုင်တော့သည်အထိ ဖြစ်လာပေမည်။ မိမိတို့အခြားသူများအပေါ် လျှံကျစေသောအခါ သူတို့သည်လည်း သူ၏မေတ္တာနှင့်ပြည့်ဝလာပြီး ဝိညာဉ်ရေးအရ ကြီးထွားပွင့်လန်း လာကြပေလိမ့်မည်။